မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
Forum for Democracy in Burma

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်နှင့် လုပ်ငန်းစဉ်များအပေါ် ထောက်ခံဝန်းရံ ပူးပေါင်းဆောင်ရွက်ကြ

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ **‘ပါတီမှတ်ပုံမတင်ရေး ဆုံးဖြတ်ချက်’** ကို မိမိတို့အင်အားစုမှ အပြည့်အဝထောက်ခံပါသည်။

၂။ ဤဆုံးဖြတ်ချက်သည် အရေးကြီးသည့်အဆုံးအဖြတ်ကာလမျိုးတွင် အဖွဲ့ချုပ်အနေဖြင့် ပြည်သူလူထုတရပ်လုံးနှင့် တိုင်းပြည်အကျိုးအတွက် အမြော်အမြင်ကြီးစွာ၊ ရဲဝံ့တည်ကြည်စွာ ပြည်သူလူထုရှေ့မှ ညီညီညွတ်ညွတ်မားမားမတ်မတ် ရပ်တည်ပြလိုက်ခြင်း ဖြစ်ပါသည်။

၃။ **‘အများပြည်သူသဘောမတူသည့် အမိန့်အာဏာမှန်သမျှ တာဝန်အရဖီဆန်ကြ’** ဆိုသည့် အဖွဲ့ချုပ်၏အလုပ်ကြွေးကြော်သံကို တပ်ဦးပါတီပီသစွာ တာဝန်ယူမှုအပြည့်ဖြင့် ရှေ့တန်းမှရဲရဲဝံ့ဝံ့ ဖီဆန်ပြလိုက်ခြင်းလည်းဖြစ်ပါသည်။

၄။ မတရားသည့်အမိန့်အာဏာများအောက်တွင် ဒူးထောက်အလျှော့ပေးခြင်းဖြင့် **‘ရှင်လျက်သေနေရသည့် အခြေအနေမျိုး’** မှာ နေရသည်ထက် **‘လူထုနှလုံးသား လူထု၏ရင်ခွင်တွင် ခေါင်းမော့ ရင်ကော့၍ ရှင်သန်ရခြင်း’** မျိုးကို ယခုကဲ့သို့ ပြတ်ပြတ်သားသားရွေးချယ်လိုက်ခြင်းဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် **မည်သို့သော အာဏာရှင်ကမျှ ဖျက်၍ မပျက်နိုင်** ဆိုသည့် ခိုင်မာသောယုံကြည်မှုကို တိတိကျကျ ပြသလိုက်ခြင်းဖြစ်ပါသည်။

၅။ ပြည်တွင်းပြည်ပအင်အားစုများ၊ နိုင်ငံတကာမိသားစုများနှင့် လူမျိုးစုံမြန်မာပြည်သူတရပ်လုံးအနေဖြင့် မိမိတို့၏ရှေ့ရှိ ပိတ်ဆို့တားဆီးနေမှုမှန်သမျှကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်အတူ ဖောက်ထွက်ကျော်လွှားပြီး မိမိတို့၏မျှော်မှန်းချက်များ အပြည့်အဝ အကောင်အထည်ဖော်နိုင်သည်အထိ လက်တွဲဝန်းရံပူးပေါင်းဆောင်ရွက်ပေးကြပါရန် အလေးအနက်ပန်ကြားတိုက်တွန်းအပ်ပါသည်။ မိမိတို့ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအနေဖြင့် ကျရာအခန်းမှ အတက်ကြွဆုံး လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အခိုင်အမာ ကတိပြုအပ်ပါသည်။

**အများပြည်သူသဘောမတူသည့် အမိန့်အာဏာမှန်သမျှ တာဝန်အရဖီဆန်ကြ**
**အဖွဲ့ချုပ်နှင့်အတူ ရွှေဂုံတိုင်ကြေညာစာတမ်းကို ကိုင်စွဲတိုက်ပွဲဝင်ကြ**

မူဝါဒရေးရာဦးဆောင်အဖွဲ့
မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
၂၀၁၀ ခုနှစ်၊ မတ်လ (၃၀) ရက်

ဆက်သွယ်ရန် ။ ။ ကိုနိုင်အောင် (၆၆) ၀၈၁ ၈၈၃ ၇၂၃၀
ဦးကျော်ထက် (၆၆) ၀၈၆ ၂၀၃၀ ၅၀၂
ကိုငွေလင်း (၆၆) ၀၈၁ ၄၇၅၉ ၂၂၃